ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


ပူတာအိုမြို့နယ်

၂၀၁၉ ခုနှစ်    ဂျေဂျီဒီ ကျေးရွာ    ပမ္မတီးကျေးရွာအုပ်စု


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၂ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၃ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၄ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆ |
| | (ခ) ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇-၈ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၉-၁၂ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၃-၁၄ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၅ |
| | (စ) ဗင်းပုံစံ | ၁၆-၁၈ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၉-၂၀ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၂၁-၂၂ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၂၃ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၄ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၅-၃၀ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၃၁-၃၄ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၅-၃၉ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၄၀ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၄၁ |

၁။ မြို့နယ်မြေပုံ


ပူတာအိုမြို့နယ် အခြေပြမြေပုံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက္မ = ၄ မိုင်
အိန္ဒိယနိုင်ငံ
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာခြားနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



ပူတာအိုမြို့နယ်ပမ္မတီးကျေးရွာအုပ်စုပြမြေပုံ
ပမ္မတီးကျေးရွာအုပ်စု
ပူတာအိုခရိုင်
မန်စေခွန်ကျေးရွာအုပ်စု
မန်စေကျေးရွာအုပ်စု
နမ်ရှယ်ကော့
ကော့နောင်
ဝင်းလုံ
နောင်ယာန်
မချမ်းဘော့မြို့နယ်
မလိဆာရ်း
ညဲဆာလာဒီ
နမ်ရှယ်
ရေနီတို
မလိခေါင်
ဝမ်ခွမ်ဒမ်း
ပမ္မတီး
ရေဘူဒီ
ဂျေဂျီဒီ
နမ်ရှယ်ခွပ်
နမ်ပလပ်ချောင်း
ဓာမူးလုံကျေးရွာအုပ်စု
ပူတောင်ကျေးရွာအုပ်စု
ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စု
ရည်ညွှန်းချက်
၁။ နိုင်ငံခြားနယ်နိမိတ်
၂။ မြို့နယ်ခြားနယ်နိမိတ်
၃။ ရပ်ကွက်/ကျေးရွာအုပ်စုခြားနယ်နိမိတ်
၄။ ရပ်ကွက်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးရုံး
၅။ ပညာရေးကျောင်း
၆။ ပြည်သူ့ရဲတပ်ဖွဲ့စခန်း
၇။ ဘုန်းကြီးကျောင်း
၈။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း
၉။ ကျန်းမာရေးဌာန
၁၀။ ကျေးရွာ
၁၁။ကာပ်စခန်း
၁၂။ကတ္တရာလမ်း
၁၃။ကျောက်ခင်းလမ်း/လယ်
၁၄။မြစ်/ချောင်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ပမ္မတီးအုပ်စုတွင် ပါဝင်သော ကျေးရွာများမှာ -

| | | | |
|---|---|---|---|
| (၁) | ပမ္မတီး ကျေးရွာ | (၂) | နမ်ရှယ်ရှီးဒီကျေးရွာ |
| (၃) | နမ်ရှယ်ကျေးရွာ | (၄) | မလီဆားရ်ကျေးရွာ |
| (၅) | မလိခေါင်ကျေးရွာ | (၆) | ဂျေဂျီဒီကျေးရွာ |
| (၇) | နမ်ရှယ်ဖွပ်ကျေးရွာ | (၈) | ဝမ်ခွမ်ဒမ်းကျေးရွာ |
| (၉) | ရေနီတိုကျေးရွာ | (၁၀) | ညဲဆာလာဒီကျေးရွာ |
| (၁၁) | ဝင်းလုံကျေးရွာ | (၁၂) | နမ်ရှယ်ကော့ကျေးရွာ |
| (၁၃) | ကော့နောင်ကျေးရွာ | (၁၄) | နောင်းယန်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဂျေဂျီဒီကျေးရွာကို ၁၉၇၂ တွင်စတင်တည်ထောင်ခဲ့သည်။ ၁၉၇၂ မတိုင်မီတွင် နမ်ရှယ်ဖွပ်ကျေးရွာ၌ နေထိုင်ပြီး နိုင်ငံရေးအခြေအနေကြောင့် ဂျေဂျီဒီသို့ပြောင်းရွှေ့လာရခြင်းဖြစ်သည်။ ထို့နောက် တစ်ချို့မှာ နယ်ရှယ်ဖွပ်ကျေးရွာသို့ပြန်သွားခဲ့ပြီး၊ တစ်ချို့မှာ ဂျေဂျီဒီကျေးရွာတွင် ဆက်လက်နေထိုင်ခဲ့ကြသည်။

ကျေးရွာတိုးတက်အောင်ဦးဆောင်ခဲ့သောပုဂ္ဂိုလ်များမှာ

| | |
|---|---|
| ၁။ ဦးဂျေဒွေ့ (၁၉၇၂-၁၉၇၅) | ၉။ ဦးဖုလီတော် (၂၀၀၀-၂၀၀၃) |
| ၂။ ဦးအားဖူထွန်း (၁၉၇၆-၁၉၇၉) | ၁၀။ ဦးကွာအာဆီ (၂၀၀၄-၂၀၀၆) |
| ၃။ ဦးဂျေကျန် (၁၉၈၀-၁၉၈၂) | ၁၁။ ဦးတီယော်ဘော် (၂၀၀၇-၂၀၀၉) |
| ၄။ ဦးလယ်မယ်ဒီး (၁၉၈၃-၁၉၈၅) | ၁၂။ ဦးထင်ရမ် (၂၀၁၀-၂၀၁၂) |
| ၅။ ဦးဒီးဟူးဇယ် (၁၉၈၆-၁၉၈၉) | ၁၃။ ဦးမဲ့ချယ်ဖူ (၂၀၁၃-၂၀၁၄) |
| ၆။ ဦးဟီတာကယ် (၁၉၉၀-၁၉၉၂) | ၁၄။ ဦးဂျေဟူးမဲ (၂၀၁၄-၂၀၁၆) |
| ၇။ ဦးဖူအာဇီ (၁၉၉၃-၁၉၉၅) | ၁၅။ ဦးဖူဆီမဲ့ (၂၀၁၆-၂၀၁၈) |
| ၈။ ဦးမာထီယဲ (၁၉၉၆-၁၉၉၉) | |

ယခုလက်ရှိကျေးရွာခေါင်းဆောင်မှာ ဦးဖူဆီမဲ့ဖြစ်သည်။ ဂျေဂျီဒီကျေးရွာတွင် လီဆူတိုင်းရင်းသားများသာ နေထိုင်ပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာစတည်ချိန်နေရာမှာ ပျားမွေးသောနေရာဖြစ်ပြီး ဂျေဆိုသည်မှာ ပျားဖြစ်ပြီး၊ ပျားနာ မည်ကို တင်စား ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဂျေဂျီဒီကျေးရွာတွင် ယခုလက်ရှိအိမ်ထောင်စုမှာ(၃၀)ဖြစ်ပြီး လယ်ယာလုပ်ကိုင်စားသောက် ကြသည်။ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါသည်။ ၁၉၇၇ ခုနှစ်တွင် သဘာဝဘေး လေတိုက်ခြင်းဖြစ်ပြီး ဘုရားကျောင်းနှင့် အိမ် (၄) လုံးပျက်စီးခဲ့ရသည်။ ၁၉၉၆ ခုနှစ်တွင်လည်း မုန်တိုင်းတိုက်ခတ်ခြင်းဖြစ်ကာ အိမ် (၁၂) လုံးပျက်စီးခဲ့သည်။ ထို့ကြောင့် အိမ်အပြောင်းအရွှေ့ရှိခဲ့သည်။

မှတ်တမ်းတင်သူ -

ဦးဂျေမိုးဆာ


လူထုစည်းရုံးရေးမှူး

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီစွင့်ပြပြက္ခဒိန် | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၂၄.၂.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၈ | ၉ | ၁၇ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုခြင်းစီအတွက်သုံးသပ်ချက်များ

### (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ



**လူမှုရေးအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။ ဤမြေပုံကို ကြည့်ခြင်းအားဖြင့် လူသားနှင့် လူမှုရေးအရင်းအမြစ်များ၊ စီးပွားရေး အရင်းအမြစ်များ၊ တည်နေရာ အဆောက်အဦးများ၊ လိုအပ်ချက်များကို သိရှိနိုင်ရန်။


ဂျေဂျီဒီကျေးရွာသည် ပူတာအိုမြို့မှ (၆) မိုင်အကွာတွင် တည်ရှိပါသည်။ အိမ်ထောင်စု (၂၇) အိမ်ထောင်စု ရှိပြီး လူဦးရေမှာ (၁၆၁) ဦးနေထိုင် ကြောင်းတွေ့ရပါသည်။ လူမျိုးစုမှာ လီဆူလူမျိုးများဖြစ်ပြီး ခရစ်ယာန်ဘာသာတစ်ခုတည်းကိုသာ ကိုးကွယ်ကြပါသည်။ လယ်ယာလုပ်ငန်းကို အဓိက မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုသည်။ အရင်းအမြစ်များမှာ လယ်ယာမြေ၊ သစ်တော၊ ချောင်းများ စသည်တို့ ဖြစ်သည်။ အမျိုးသမီးများသည် အဓိက ကြက်၊ ဝက်၊ ဘဲ စသည်တို့ကို မွေးမြူကြပါသည်။ အမျိုးသားများသည် တောတောင်ထွက် ပစ္စည်းများ၊ ဆေးမြစ်များ ရှာခြင်း၊ ရှားစောင်းရှာခြင်း၊ ရွှေမှော်သွား၍ ပိုက်ဆံရှာခြင်းဖြင့် အဓိက အသက်မွေးကြသည်။ ကျေးရွာတွင် လိုအပ်နေသော အရာများမှာ - ရွာချင်းဆက်လမ်း၊ တံတားများနှင့်၊ ပညာရေးကျောင်း၊ မူကြိုကျောင်း စသည်တို့လိုအပ်လျှက်ရှိသည်။

**မှတ်တမ်းတင်သူ -**

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

**(ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း**




| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | လယ်ထွန်စက်၊ ပျဉ်ထောင်အိမ်၊ ကျွဲ (၃)၊ နွား (၃) ဆန်စက်၊ လယ် (၃) ဧက၊ ဆိုင်ကယ် | ၂ | ၇% |
| အသင့်အတင့် | လယ်ထွန်စက် / ဆိုင်ကယ် / သုံးဘီး / လယ်ယာမြေ ၃ ဧက ထက်၊ ကျွဲ နွား (၃) ကောင်၊ ပျဉ်ထောင်အိမ်၊ ဆန်စက်၊ ကြက်၊ ဝက် | ၃ | ၁၁% |
| မပြေသောအုပ်စု | ဆိုင်ကယ်၊ လယ်ယာမြေ ၂ ဧက၊ ကျွဲ (၂)၊ ဝက်၊ ဝါးအိမ်၊ နွား (၂) ကောင်၊ ကြက်၊ | ၁၃ | ၄၈% |
| နွမ်းပါးအုပ်စု | လယ်ယာ ၁ ဧက၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဝါးအိမ်၊ ကျပန်းအလုပ် | ၉ | ၃၄% |
| | | ၂၇ | ၁၀၀% |

**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။ဥစ္စာဓနေ ကြွယ်ဝမှုသည် ရွာတွင်းရှိ အမျိုးအစား ကွဲပြားမှုနှင့် ချမ်းသာသော အုပ်စု နွမ်းပါးသောအုပ်စု၊ အလွန်နွမ်းပါးသော အုပ်စုများကို သိရှိနိုင်ရန်။

ကျေးရွာတွင် အလွန်နွမ်းပါးသည့် အိမ်ထောင်စု (၉) အိမ်ထောင်စု ရှိသည်။ သတ်မှတ်ချက်များမှာ - လယ်ယာမြေမလုံလောက်ခြင်း၊ ကျွဲ၊နွားမရှိ၊ ဝါးအိမ်၊ ကျပန်းအလုပ် နေ့စားခဖြင့် အသက်မွေးသော အိမ်ထောင်စုဟု သတ်မှတ်သည်။

ကျေးရွာတွင် အတန်သင့် အုပ်စု (၃) အိမ်ထောင်စု ရှိကြောင်းတွေ့ရသည်။ အကြောင်းမှာ - လယ်ထွန်စက်၊ ဆိုင်ကယ်၊ လယ်ယာမြေလုံလောက်မှုရှိခြင်း၊ ကျွဲ၊ နွား (၃) ကောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ စသည်တို့ ပိုင်ဆိုင်သည်ဟု သတ်မှတ်သည်။

ကျေးရွာ၏ ဖွံ့ဖြိုးလုပ်ငန်းလုပ်ဆောင်ရာတွင် အဓိက ခက်ခဲသောမိသားစုများကို ပါဝင်လုပ်ကိုင်စေ ခြင်းဖြင့် ဝင်ငွေလုပ်အားခရပြီး မိသားစု အဆင်ပြေမှု ရှိလာနိုင်သည်။ အစီအစဉ်ရေးဆွဲရာတွင် ခက်ခဲသော မိသားစုပါဝင်စေရန် ထည့်သွင်းစဉ်းစားရမည်။


**မှတ်တမ်းတင်သူ -**

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

## (၈) ပိုင်ဆိုင်မှုသုံးသပ်ခြင်း





အရင်းအမြစ် သုံးစွဲမှု ပုံစံပြဇယား
ကျ
မ
ကျ+မ
သုံးဘီး
စကော
စကာ
သစ်တော

**ပိုင်ဆိုင်မှုသုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။အမျိုးသားနှင့် အမျိုးသမီးတို့၏ အရင်းအမြစ်များနှင့် ပတ်သတ်သည့် ဦးစားပေး လိုအပ်ချက်များ ကွဲပြားခြားနားမှုကို သိရှိနိုင်ရန်။


အမျိုးသားများအသုံးပြုသော အရင်းအမြစ်များမှာ - လယ်ထွန်စက်၊ နွားလှည်း၊ ကျွဲ၊ နွား၊ဆန်စက်၊ သုံးဘီး၊ ဆိုင်ကယ်၊ သစ်တောစသည်တို့ ဖြစ်ကြပြီး ထိန်းချုပ်မှုများမှာ အမျိုးသားများကသာ ထိန်းချုပ်သည်။ အမျိုးသား၏ သုံးစွဲမှု အရင်းအမြစ်များမှာ - အပ်ချုပ်စက်၊ ဆန်၊ စပါး၊ ရေတွင်း၊ ရေကန်များ ဖြစ်ကြသည်။ ထိန်းချုပ်မှုမှာ အပ်ချုပ်စက်၊ ဆန်၊ စပါးများကို အမျိုးသမီးက ထိန်းချုပ်ထားသည်။ ရေတွင်း၊ရေကန်ကို အမျိုးသားများက ထိန်းချုပ်ထားသည်။ ပိုင်ဆိုင်မှုသုံးသပ်ရာတွင် အမျိုးသားပိုင်ဆိုင်မှု ထိန်းချုပ်မှုနှင့် အမျိုးသမီး ပိုင်ဆိုင်ထိန်းချုပ်မှုမှာ အနည်းငယ်ကွာကြောင်းတွေ့ရသည်။


**မှတ်တမ်းတင်သူ -**

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

**(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း**




ပင့်ကူအိမ် သုံးသပ်ခြင်း
အမျိုးသား

**ပင့်ကူအိမ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ အားနည်းချက်၊ အားသာချက် စသည်တို့ကို သိရှိစေရန်။

ဇေဂျီဒီကျေးရွာတွင် လူမှုရေးပူးပေါင်းပါဝင်မှု အပိုင်းတွင် အမျိုးသားများမှာ ပါဝင်မှုများနေပြီး အမျိုးသမီးများမှာ ပါဝင်မှုအားနည်းနေသည်ကို တွေ့ရှိရပါသည်။ မိသားစုတွင် ဦးဆောင်နိုင်မှုနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အဖွဲ့အစည်းတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ဝင်ငွေရှာဖွေနိုင်မှု စသောကိစ္စများတွင် အမျိုးသားများ အားသာနေသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စတွင်သာ ရာနှုန်းပြည့် ဖြစ်နေသည်ကိုတွေ့ရှိရသည်။


အမျိုးသမီးများသည် ဝင်ငွေရှာဖွေနိုင်မှုနည်းခြင်းအကြောင်းမှာ အိမ်မှုကိစ္စတွင် ရာနှုန်းပြည့်ဖြစ်နေသောကြောင့်ဖြစ်သည်။ အမျိုးသမီးများကို အိမ်မှုကိစ္စတွင်သာ မရှိစေဘဲအဖွဲ့တွင် ပါဝင်ခွင့်ပေးပြီး၊ အမျိုးသမီးသီးသန့်ဟောပြောပွဲ ကျင်းပပေးခြင်းဖြင့် စွမ်းဆောင်ရည်မြင့်တင် ပေးနိုင်ပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းခွင်တွင် ပါဝင်စေခြင်းဖြင့် မိသားစု ဝင်ငွေရရှိနိုင်မည်ဖြစ်ပါသည်။

**မှတ်တမ်းတင်သူ -**

ဦးဇေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

**(င) ရာသီခွင်ပြ ပြက္ခဒိန်**




**ရာသီခွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။ တစ်နှစ်ပတ်လုံးအတိုင်းအတာဖြင့် အလုပ်များသည့်ရာသီ၊ အစာရေစာ ရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်များ၏ မတူညီသည့် အခက်အခဲများကို သုံးသပ်သိရှိရန်။

စိုက်ပျိုးရေးအနေဖြင့် ဂျေဂျီဒီကျေးရွာတွင် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ နှင့် မတ်လအထိတွင် ခြံခတ် အလုပ်လုပ်ခြင်းနှင့် ပြောင်းဖူးစိုက်၊ ပိန်းဥစိုက်၊ ပီလောပီနံ စိုက်ကြပါသည်။ ဧပြီလတွင် လယ်ထွန်ကြခြင်း၊ မေ လ(၁၅) ရက်နောက်ပိုင်းတွင် ပျိုးကြဲကြပြီး၊ ဇွန်လနှင့် ဇူလိုင်လတွင် ကောက်စိုက်ကြပါသည်။ ဩဂုတ်လနှင့် စက်တင်ဘာလတွင် မြက်ခုတ်ပေါင်းရှင်းကြပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ကောက်ရိတ်ကြပါ သည်။

ပွဲတော်ကျင်းပခြင်းများအနေဖြင့် ဧပြီလတွင် ရှင်ပြုန်ထမြောက်ပွဲ ကျင်းပကြပြီး၊ အောက်တိုဘာလ တွင် ကောက်သစ်စားပွဲ ကျင်းပကြသည်။ ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲတော် ကျင်းပကြသည်။ ဇန်နဝါရီလ မှ ဧပြီလအထိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မေလမှ စက်တင်ဘာလအထိတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်။ အောက်တိုဘာလမှ ဒီဇင်ဘာလအထိတွင် လမ်းပန်းဆက်သွယ်ရေးပြန်လည် ကောင်းမွန်လာ သည်။ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဝမ်းစာဖူလုံမှု ရှိကြပြီး စက်တင်ဘာလတွင် ဝမ်းစာဖူလုံ မှု ခက်ခဲပါသည်။ အောက်တိုဘာလတွင် အနည်းငယ်ခက်ခဲပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ဝမ်းစာဖူလုံ မှုရှိပါသည်။


**မှတ်တမ်းတင်သူ -**

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

(စ) ပင်းပုံစံ




ကျေးရွာနှင့်ချိတ်ဆက်နေသောအဖွဲ့အစည်းများ
- A.G
- A.G
- A.G
N.L.D
- N.L.D
CMT

**ဗင်းပုံစံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ရည်ရွယ်ချက်။ ။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် အပြန်အလှန် အကျိုးပြုသည့် ကျေးရွာပြင်ပမှ အဖွဲ့အစည်းမည်မျှရှိကြောင်း သိရှိနိုင်ရန်။


ဂျေဂျီဒီကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ ကျန်းမာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ အုပ်ချုပ် ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ NLD အဖွဲ့များ၊ လူထုဗဟိုပြုစီမံကိန်း ကော်မတီအဖွဲ့များရှိကြပါသည်။ ကျေးရွာအတွင်း ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ - ကျန်းမာရေးဌာ န၊ အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေး၊ NLD ပါတီအဖွဲ့များ၊ ကျေးလက်လမ်းဦးစီးဌာန စသည့်ဌာနများနှင့် ချိတ်ဆက်နေကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း ကော်မတီအဖွဲ့များက၊ အဓိက ပါဝင်လုပ်ဆောင်နေသည်ကိုတွေ့ ရသည်။ ဂျေဂျီဒီကျေးရွာသည် အဖွဲ့အစည်းချိတ်ဆက်မှု အားနည်းကြောင်းတွေ့ရသည်။

**မှတ်တမ်းတင်သူ -**

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

### (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ




**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ဂျေဂျီဒီကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ အခက်အခဲများမှာ - လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိ၍ အခက်အခဲဖြစ်ခြင်း တင်ပြကြသည်။ ထို့ပြင် ရွာအဝင်တံတားများ မကောင်း၍ အခက်အခဲရှိခြင်း၊ မြောင်းများကို ရေမြှုန်မထည့်နိုင်၍ အခက်အခဲရှိခြင်းကို တင်ပြကြသည်။

အမျိုးသားများမှ သီးသန့်တင်ပြသော အခက်အခဲများမှာ - ရွာတွင်းတွင် မူလတန်းကျောင်းမရှိ၍ ကလေးများအခြားရွာသို့ကျောင်းတက်ရသောကြောင့် သွားလာရန် အခက်အခဲရှိခြင်း၊ ရေကန်မလုံလောက်၍ နွေရာသီတွင် ရေမရှိခြင်းကြောင့် အခက်အခဲရှိသည်။ ထို့နောက်လယ်ယာမြေ မလုံလောက်သောကြောင့် စားဝတ်နေရေး လုပ်ကိုင်စားသောက်မှု အခက်အခဲရှိကြောင်း ဆွေးနွေးတင်ပြကြသည်။

အမျိုးသမီးများမှ တင်ပြလာသော အခက်အခဲများမှာ - မူကြိုကျောင်းမရှိ၍ ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း၊ ဆိုင်ကယ်မရှိ၍ မိသားစု သွားလာမှုအရေး အလွန်ခက်ခဲခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့်ဆိုင်သော အခြေခံစက်ချုပ်သင်တန်း မတတ်ကျွမ်းခြင်း၊ စိုက်ပျိုးရေးနည်းပညာ မရှိမှုကြောင့် မိသားစုမှာ စိုက်ပျိုးရေးပိုင်းမှာ ခက်ခဲခြင်း၊ အိမ်ခြံမြေလုံလောက်စွာ မရှိခြင်းကြောင့် မိသားစု အခက်အခဲရှိခြင်း စသည့်အခက်အခဲများကို ဆွေးနွေးကြသည်။

(ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)



ဈေးကြီးဒီကျေးရွာ (အမျိုးသား)


| အခက်အခဲ အတားအဆီးများ | မျှော်မှန်းချက် | ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း |
| --- | --- | --- |
| ၁။ လယ်ယာမလောက်ခြင်း ခက်ခဲမှု | လယ်ယာအသစ်ဖော်ထုတ်ချင်၊ | လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း လယ်ယာမြေ ဧက(၃၀) |
| ၂။ လမ်းပန်းခက်ခဲမှုရှိသည်။ | ကျောက်ချောလမ်းခင်းချင်ခြင်းဖြင့် သွားလာလွယ်ကူမျှော်မှန်းသည်။ | ကျောက်ချော ခင်းခြင်းလုပ်ငန်း |
| ၃။ တံတားမရှိသောကြောင့် ခက်ခဲမှုရှိသည်။ | ~~ကော်ကရိုက်တံတား ရချင်မှန်းချင်၊~~ ဆိုင်ကယ်/လှည်း သွားလာခြင်းလွယ်ကူစေရန် မျှော်မှန်းသည်။ | ကော်ကရိုက်တံတား လုပ်ငန်း။ |
| ၄။ မီးမရသောကြောင့် ခက်ခဲမှုရှိသည်။ | ~~ဆိုလာပြား ရရှိချင်~~၊ မီးရရှိခြင်းဖြင့် ကလေးများစာဖတ်တတ်ရန် မျှော်မှန်းသည်။ | ဆိုလာပြား ရရှိရန်လုပ်ငန်း |
| ၅။ မူလတန်းကျောင်းမရှိသောကြောင့် ခက်ခဲမှုရှိသည်။ | ~~တိုက်ပုတ် ရရှိချင်~~၊ ကျောင်းရရှိသဖြင့် ကလေးများကျောင်းတက်ရန် လွယ်ကူရန်မျှော်မှန်းသည်။ | တိုက်ပုတ် |
| ၆။ သောက်ရေမလောက်သောကြောင့် ခက်ခဲမှုရှိသည်။ | ~~ရေကန်ပတ်လည် ၂၀' တစ်ခု ရရှိချင်~~။ သောက်ရေမလောက်သဖြင့် ရေရရှိရန် မျှော်မှန်းသည်။ | ရေကန်ပတ်လည် ၂၀' တစ်ခု ရရှိရေးလုပ်ငန်း၊ |
| ၇။ ကျေးရွာရေနုတ်မြောင်းမရှိသောကြောင့် ခက်ခဲမှုရှိသည်။ | ~~ရေနုတ်မြောင်း ၆ မြောင်း ရရှိချင်~~၊ ရေနုတ်မြောင်းပြုပြင်ခြင်းဖြင့် သွားလာလွယ်ကူရန် မျှော်မှန်းသည်။ | ရေနုတ်မြောင်း ၆ ခု ရရှိရေးလုပ်ငန်း၊ |

**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

အမျိုးသားတို့၏ မျှော်မှန်းချက်များမှာ မူလတန်းကျောင်းရရှိပြီး ကလေးများ အခြားကျေးရွာသို့ မသွားရဘဲ ကျောင်းတက်လွယ်ကူလာစေရန် မျှော်မှန်းသည်။ ရေတွင်းလုံလောက်စွာရရှိပြီး ရေရရှိမှု လွယ်ကူရန် မျှော်မှန်းသည်။ ထို့ပြင် လယ်ယာမြေကွက် အသစ်တိုးချဲ့ဖော်ဆောင်နိုင်ပြီး စိုက်ပျိုးလုပ်ကိုင်နိုင်ရန် မျှော်မှန်းသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရေးလွယ်ကူရန် မျှော်မှန်းသည်။ ရွာအဝင် တံတားများကောင်းမွန်ပြီး သွားလာရေး လွယ်ကူရန်မျှော်မှန်းသည်။

အမျိုးသမီးများ၏ မျှော်မှန်းချက်မှာ - မူကြိုကျောင်းရရှိပြီး ကလေးများကျောင်းထားရလွယ်ကူ ပညာရေးမြင့်မားလာရန် မျှော်မှန်းကြသည်။ ဆိုင်ကယ်ရရှိပြီး မိသားစု သွားလာရေးလွယ်ကူရန်၊ စက်ချုပ်သင်တန်းရရှိပြီး မိသားစု ဝင်ငွေရရှိရန် မျှော်မှန်းသည်။ စိုက်ပျိုးရေးနည်းပညာသင်တန်းရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကြောင့် မိသားစု ဝင်ငွေရရှိရန်နှင့် အိမ်ခြံမြေလုံလောက်မှု ရရှိပြီး မိသားစုနေထိုင်ရေး အဆင်ပြေနိုင်ရန်မျှော်မှန်းထားသည်။

(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ



13.3.2019

| စဉ် | ဖွံ့ဖြိုးရေးလုပ်ငန်းများ | အဆိုပြုသူ | မဲအရေအတွက် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁။ | မူကြိုကျောင်း | မ | ၂၄ | ၄ |
| ၂။ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျ/မ | ၉၈ | ၁ |
| ၃။ | မီးလင်းရေး ([illegible]) | ကျ/မ | [illegible]၉ | ၆ |
| ၄။ | ရွာတွင်းရေမြောင်း | ကျ | ၁၁ | ၅ |
| ၅။ | ရွာတွင်းတံတား | ကျ/မ | ၆၃ | ၂ |
| ၆။ | ရေကန်ရရှိရေး | ကျ | ၅၇ | ၃ |

**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မူကြိုကျောင်းတည်ဆောက်ရေးလုပ်ငန်း၊ ရွာတွင်းသဲကျောက်လမ်းပြုပြင်ခင်းခြင်းလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ရွာတွင်းရေပြွန်ပိုက်လုံးထည့်ခြင်း လုပ်ငန်း၊ ရွာတွင်းတံတားဆောက်ရန်လုပ်ငန်း၊ ရွာတွင်းတွင် ရေကန်ရရှိရေးလုပ်ငန်းများ ဖြစ်ကြသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ဒုတိယနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --လီဆူ-- | 27 | ဘာသာ (၁) --ခရစ်ယာန်-- | 27 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 79 | 77 |
| လူမျိုးစု (၁)---လီဆူ | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 25 | 2 |

၁၅၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ______________

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချကကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---1---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----------1 နာရီ---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---မရှိပါ---------------------------

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦး [illegible] |
| | လက်မှတ် | [signature] နေ့ ၂၆.၁.၂၀၁၉ |
| လူထုစည်းရုံးရေးမှူး | အမည် | ဦး [illegible] |
| | လက်မှတ် | [signature] နေ့စွဲ ၂၆.၁.၂၀၁၉ |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး ဖူ ဆီ မဲ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး ဇါ ဒိ ယဒို |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပဖွတီး | ကျေးရွာ<br>ဂျေလှိုဒီ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---လီဆူ | ၂၄ + ၃ | ဘာသာ (၁) --ခရစ်ယာန် | ၂၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၁ | ၇၄ |
| လူမျိုးစု (၁)---လီဆူ | ၇၀ | ၇၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၅ | ၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ______________

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၁----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၅ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်----------၁၀ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး-ဖုတ်ကြီး

လက်မှတ် [signature] နေ့ 25-6-2018

လူထုစည်းရုံးရေးမှူး အမည် ဦး ဇော်မိုးသူ

လက်မှတ် [signature] နေ့စွဲ 25-6-2018

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ဒုတိယနှစ်စက်ဝန်း

ပုံစံ - ၈ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး - ကျော်မိုးသာ | | | |
| နေ့စွဲ ၁၈.၈.၂၀၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ပမ္မတီး | ကျေးရွာ ကျော်ကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈.၃.၂၀၁၉ | ၂၈.၃.၂၀၁၉ | ၈ | ၉ | ၁၇ | [illegible] ၁၇ | ၂၇ | ၆၃% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈.၃.၂၀၁၉ | ၂၈.၃.၂၀၁၉ | ၈ | ၉ | ၁၇ | [illegible] - ၁၇ | ၂၇ | ၆၃% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 30.4.2019 | 30.4.2019 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | 9.5.2019 | 9.5.2019 | 10 | 8 | 18 | [illegible] 18 | ၂၇ | 67% |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | 9.5.2019 | 9.5.2019 | 10 | 8 | 18 | ဗိုဘူ | 18 | 27 | 67% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 9.5.2019 | 9.5.2019 | 10 | 8 | 18 | ဗိုဘူ | 18 | 27 | 67% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး [illegible] | | | |
| နေ့စွဲ 26.6.2018 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25-6-2018 | 25-6-2018 | 13 | 10 | 18 | လီဆူ \| 23 | 27 | 66 % |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 26.6.2018 | 26-6-2018 | 19 | 13 | 22 | လီဆူ 32 | 27 | 81 % |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 20-7-2018 | 20-7-2018 | 23 | 21 | 44 | လီဆူ \| ရဝမ် \| ရှမ်း \| ကချင် 30 ၈ \| ၄ ၂ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 31.8.2018 | 6.9.2018 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | 27.9.2018 | 27.9.2018 | ၁၁ | ၇ | ၁၈ | လီဆူ \| ၁၈ | 27 | 66% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စိမ်းကိန်းလုပ်ငန်းခွဲစိမ်ချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စိမ်းကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | 27.9.2018 | 27.8.2018 | ၁၁ | ၇ | ၁၈ | လီဆူ ၁၈ | 27 | 66% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 27.9.2018 | 27.8.2018 | ၁၁ | ၇ | ၁၈ | လီဆူ ၁၈ | 27 | 66% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 15.9.2018 | 13.9.2018 | ၁၁ | ၇ | ၁၈ | လီဆူ ၁၈ | 27 | 66% |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 19.11.2018 | ၁၉.၁၁.၂၀၁၈ | ၁၂ | ၁၅ | ၂၇ | လီဆူ ၂၇ | ၂၇ | 100% |
| ၇။ စိမ်းကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 13.10.2018 | 13.10.2018 | ၉ | ၆ | ၁၅ | လီဆူ ၁၅ | 27 | 56% |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၀.၁၀.2018 | ၂၀.၁၀.၂၀၁၈ | ၁၀ | ၄ | ၁၄ | လီဆူ ၁၄ | 27 | 52% |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၂၅.၁၀.2018 | ၂၂.၁၀.၂၀၁၈ | ၁၀ | ၄ | ၁၄ | လီဆူ ၁၄ | 27 | 52% |
| ၈။ စိမ်းကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၅.၁၁.၂၀၁၈ | ၂၅.၁၀.၂၀၁၈ | ၇ | ၇ | ၁၄ | လီဆူ ၁၄ | 27 | 52% |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 25.11.2018 | ၂၅.၁၁.၂၀၁၈ | ၁၂ | ၁၅ | ၂၇ | လီဆူ ၂၇ | ၂၇ | 100% |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ဒုတိယနှစ်စက်ဝန်း

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး - ကျော်မျိုးအောင် | | | |
| နေ့စွဲ ၂၈.၃.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>[illegible] | ကျေးရွာ<br>[illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| လယ်ယာမြေ မလုံလောက်မှုကြောင့် ခက်ခဲသည်။ | ☑ ကျား □ မ □ ကျား + မ |
| ကားလမ်းမကောင်းသဖြင့် သွားလာရေး ခက်ခဲသည်။ | □ ကျား □ မ ☑ ကျား + မ |
| ရွာတွင်းလမ်းမကောင်းသဖြင့် သွားလာရန် ခက်ခဲသည်။ | □ ကျား □ မ ☑ ကျား + မ |
| လျှပ်စစ်မီး မရရှိ၍ ခက်ခဲသည်။ (ဆိုလာမီး) | □ ကျား □ မ ☑ ကျား + မ |
| မူလတန်းကျောင်း မရှိသဖြင့် ကလေးများ စာသင်ကြားရန် ခက်ခဲသည်။ | ☑ ကျား □ မ □ ကျား + မ |
| မူကြိုကျောင်း မရှိ၍ ကလေးများ ကျောင်းထားရန် ခက်ခဲသည်။ | □ ကျား ☑ မ □ ကျား + မ |
| သောက်သုံးရေ မလုံလောက်မှုကြောင့် ခက်ခဲကြသည်။ (ရေတွင်း) | ☑ ကျား □ မ □ ကျား + မ |
| ရေနုတ်မြောင်း မရှိ၍ ခက်ခဲသည်။ | ☑ ကျား □ မ □ ကျား + မ |
| ဆိပ်ကမ်း မရှိသောကြောင့် မိုးရာသီ သွားလာရေး ခက်ခဲသည်။ | □ ကျား ☑ မ □ ကျား + မ |
| စက်ချုပ်သင်တန်း ကောက်ရိုး ရက်ကန်း မရှိ၍ ခက်ခဲခြင်း | □ ကျား ☑ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |

၁။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| လယ်ယာမြေဖြတ်ပိုင်းခွဲ ရရှိခြင်း ဖြင့် မိသားစု စီးပွား ဖူလုံမှု ရှိလာမည်။ | ☑ ကျား □ မ □ ကျား + မ |
| ကံကားလမ်း ကောင်းမွန်လာပြီး ရွာလူထုများ သွားလာရန် လွယ်ကူလာမည်။ | □ ကျား □ မ ☑ ကျား + မ |
| ရွာလမ်းကြား ကောင်းမွန်ပြီး ဆိုင်ကယ်/လှည်း သွားလာရေး လွယ်ကူမည်။ | □ ကျား □ မ ☑ ကျား + မ |
| ဈေးဆိုင်ခန်း ရရှိနိုင်ပြီး လုပ်ငန်းမှ ဝင်ငွေ များလာနိုင်မည်။ (အမျိုးသမီး) | □ ကျား ☑ မ □ ကျား + မ |
| မူလတန်းကျောင်း ရရှိပြီး ကလေးများ ကျောင်းတက် လွယ်ကူလာမည်။ | ☑ ကျား □ မ □ ကျား + မ |
| မူကြိုကျောင်း ရရှိပြီး ကလေးများ ကျောင်းထားရန် လွယ်ကူလာမည်။ | □ ကျား ☑ မ □ ကျား + မ |
| ဆောက်လုပ်ရေး ရရှိနိုင်ပြီး မိသားစု ဝင်ငွေ ဖြင့်ကောင်း လာမည် (ကျောင်း) | ☑ ကျား □ မ □ ကျား + မ |
| ရေနုတ်မြောင်း သည် နိုင်ပြီး သွားလာရေး လွယ်ကူလာမည်။ | ☑ ကျား □ မ □ ကျား + မ |
| ဆိုင်ကယ် ရရှိပြီး မိသားစု စီးပွားရှာဖွေမှု ခရီး ချောလာမည်။ | □ ကျား ☑ မ □ ကျား + မ |
| ဆက်သွယ်ရေးကိရိယာ ရရှိပြီး မိသားစု ဝင်ငွေ ရရှိလာနိုင်မည်။ | □ ကျား ☑ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |
| | □ ကျား □ မ □ ကျား + မ |

၇။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း | ကျ + မ | လမ်း၊တံတား | ၁ | ၅၇၄၀၀၀၀ | ၇၉ | ၇၇ | ၁၅၆ |
| ၂ | ရွာတွင်း တံတား | ကျ + မ | လမ်း၊တံတား | ၂ | ၃၀၀၀၀၀၀ | ၇၉ | ၇၇ | ၁၅၆ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ရေတွင်း၊ရေကန်ဖြစ်ရေး | က | [illegible] | 3 | 400000 | ၇၉ | ၇၇ | ၁၅၆ |
| ၄ | မူကြိုကျောင်းဆောက်ရန် | မ | [illegible] | 4 | 500000 | ၇၉ | ၇၇ | ၁၅၆ |
| ၅ | ရွာတွင်း ရေမြောင်းဖောက် | က | [illegible] | 5 | 200000 | ၇၉ | ၇၇ | ၁၅၆ |
| ၆ | မီးလင်းရေး (ဆိုလာမီး) | က+မ | [illegible] | 6 | 200000 | ၇၉ | ၇၇ | ၁၅၆ |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |
| ၁၁ | | | | | | | | |
| ၁၂ | | | | | | | | |

**ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လယ်ယာမြေ ရရှိရန် | အမျိုးသား | ဒုတိယ ဦးစားပေး |
| ၂ | ဆိုင်ကယ် ရရှိရေး | အမျိုးသမီး | အများ |
| ၃ | စက်ချုပ် သင်တန်း ရရှိရန် | အမျိုးသမီး | အများ |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦး - မြင့်ဇော် လက်မှတ် [signature] နေ့စွဲ 28.3.2019

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၃ ကျေးရွာဖွံ့ ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ယဖွတ်း | ကျေးရွာ<br>ဂျော်လီဒီ |

ကျေးရွာအုပ်စုနှင့် ကျေးရွာအမည်များမှာ လက်ရေးဖြစ်၍ ဖတ်ရခက်သည်။

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းကြမ်းများ သွားလာမှု အခက်အခဲဖြစ်သည်။ | ၁ | ရွာတွင်း လမ်း မကောင်းသောကြောင့် သွားလာရန် ခက်ခဲခြင်း |
| ၂ | တံတား မရှိ၍ သွားလာရန် အခက်ခဲသည်။ | ၂ | မူကြိုကျောင်း မရှိသောကြောင့် ကလေး ပညာ သင်ကြားရာတွင် ခက်ခဲခြင်း |
| ၃ | မီးမရှိသောကြောင့် ခက်ခဲသည်။ | ၃ | လျှပ်စစ်မီး မရှိသောကြောင့် ကလေးများ စာကျက်ရန်တွင် အခက်ခဲရှိခြင်း |
| ၄ | သောက်ရေ မလုံလောက်ခြင်း အခက်အခဲဖြစ်သည်။ | ၄ | စားဝတ်နေရေး အတွက် စိုက်ပျိုးမြေ မလုံလောက်ခြင်း |
| ၅ | မူလတန်း မရှိ ခက်ခဲနေရသည်။ | ၅ | တံတား မကောင်း၍ သွားလာရန် ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီး အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောက်ချောလမ်း ခင်းခြင်းဖြင့် သွားလာ လွယ်ကူစေရန် | ၁ | ကျောင်းသား/သူ ကျောင်းသွား ကျောင်းပြန် လွယ်ကူစေရန် |
| ၂ | ဆိုင်ကယ်၊ လူ သွားလာ လွယ်ကူစေရန် | ၂ | ကလေး ပညာ တိုးတက်လာရန် |
| ၃ | မီးရရှိခြင်းဖြင့် ကလေးများ စာတတ်လာစေရန် | ၃ | လူကြီး တွင် အိမ်မှုရေးရာ လွယ်ကူလာရန် ဖက ကလေး စာကျက် လွယ်ကူစေရန် |
| ၄ | သောက်သုံးရေ လုံလောက်မှု ရရှိလာရန် | ၄ | စားဝတ်နေရေးအတွက် မလုံလောက်သဖြင့် စိုက်ပျိုးမြေ လုံလောက်အောင် ရှိစေရန် |
| ၅ | ကျောင်းရရှိသဖြင့် ကလေးများ ကျောင်းတတ် လွယ်ကူရန် | ၅ | နှစ်ရာသီ ချောင်း တံတား ရှိမှ သွားလာနိုင်ရန် |

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျုံးဝင်သောဦးစားပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | အမျိုးသား+ အမျိုးသမီး | ၆၀၀၀၀၀၀ | ၁၄၅ |
| ၂ | ဖိုးလမ်းရေး (အခင်းကျင်း) | အမျိုးသား+ အမျိုးသမီး | ၂၀၀၀၀၀၀၀ | ၁၄၅ |
| ၃ | ရေကန်ဂရိုရေး | အမျိုးသား | ၄၀၀၀၀၀၀ | ၁၄၅ |
| ၄ | ရွာတွင်းအောင်းရေမြောင်းထည့်ခြင်း | အမျိုးသား+အမျိုးသမီး | ၁၀၀၀၀၀၀ | ၁၄၅ |
| ၅ | ရွာတွင်းတံတားပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၂၀၀၀၀၀၀ | ၁၄၅ |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျုံးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကယ်ယာဖော်ဂရိုရေး | အမျိုးသား | |
| ၂ | ဖွေ့အိတ်ခြံ ဂရိုရေး | အမျိုးသမီး | |
| ၃ | မိုက်ပျိုးရေး သင်တန်း ဂရိုရေး | အမျိုးသမီး | |
| ၄ | ရေလှတန်း ကျောင်း ဂရိုရေး | အမျိုးသား | |
| ၅ | အပ်ချုပ် သင်တန်း ဂရိုရေး | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးမှုလီတော်--- လက်မှတ် ---[signature]--- နေ့စွဲ---26.6.2018---

၁၁။ အစည်းအဝေးမှတ်တမ်းများ

## လူထုဖဟိုပြုစီမံကိန်းမိတ်ဆက်အစည်းအဝေး (ပထမအကြိမ်)

ရက်စွဲ - ၂၈.၂.၂၀၁၉

| | | |
|---|---|---|
| အုပ်စု | - | ပမ္မတီး |
| ကျေးရွာ | - | ဂျေဂျီဒီ |
| တက်ရောက်သူဦးရေ | - | ကျား ၈ ဦး၊ မ ၉ ဦး |

ရည်ရွယ်ချက်။ ။ပထမအကြိမ်အစည်းအဝေးပြုလုပ်ရန်၊ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ရွေးချယ်ရန်နှင့် ကျေးရွာအချက်အလက် PRA များကိုပြန်လည်ပြင်ဆင်ဆွေးနွေးရန်။

အစီအစဉ်အရ။ ။ပထမဦးစွာ စီမံကိန်းဝန်ထမ်းများမှ မိမိကိုယ်ကို မိတ်ဆတ်ခဲ့ကြသည်။ ပြီးနောက် မှ ဤစီမံကိန်းကို ကျေးလက်ဦးစီးဌာနမှ လုပ်ပေးသည့် စီမံကိန်းဖြစ်ကြောင်းရှင်းပြခဲ့သည်။ စီမံကိန်းမိတ်ဆတ်အချက် (၁၅) ချက်နှင့် စီမံကိန်းစက်ဝန်းအပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်အကြောင်းကို လူထုစည်းရုံးရေးမှူးဦးဂျော်နီဆာမှ ပါဝင်ဆွေးနွေးခဲ့ပါသည်။ စီမံကိန်းမှ ကျားမရေးရာ လိုအပ်ချက် (၆) ချက်နှင် ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးစနစ် အကြောင်းအားရှင်းပြပါသည်။ ပြီးနောက်တွင် ဦးဂျော်နီဆာ၊ ဦးမန်ဂျာတန်မင်ရမ်တို့မှ ကျေးရွာ၏ အချက်အလက် PRA များဖြစ်သော လူမှုရေး အရင်းအမြစ်ပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဗင်းပုံစံ၊ အခက်အခဲ ပြဿနာ၊ ဉစ္စာခနေကြွယ်ဝမှု ဇယား စသည့် အချက်အလက်များကို ပြန်လည် ပြင်ဆင်ခဲ့သည်။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း ပြုလုပ်ပြီးလျှင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲပေးပြီး ဦးစားပေးအဆင့် သတ်မှတ်ခဲ့သည်။ နောက်ဆုံးတွင် ကျေးရွာ၏တာဝန်ခံ ဦးဖူးလီကော်မှ ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို အောင်မြင်စွာပြုလုပ်ခဲ့ပါ သည်။

မှတ်တမ်းတင်သူ-

ဦးဂျေမိုးဆာ

(လူထုစည်းရုံးရေးမှူး)

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | | | ✔ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | မီးလင်းရေး(အင်ဂျင်) | | | ✔ | | | |
| | ၃ | ရေကန်ရရှိရေး | ✔ | | | | | |
| | ၄ | ရေမြောင်း | | | ✔ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| | ၅ | ရွာတွင်းတံတား | | | ✔ | | | |
| | ၆ | မီးလင်းရေး(ဆိုလာ) | | | ✔ | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | မူကြိုကျောင်း | | ✔ | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |